# အာဆီယံ ဒေသဆိုင်ရာဖိုရမ်အနေဖြင့် ဒရုန်းအလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာစစ်အုပ်စု တက်ရောက်ခွင့်ကို ပိတ်ပင်ပြီး လူ့အသက်များကို ကယ်တင်ရမည်

အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF) သည် မောင်းသူမဲ့လေယာဉ်စနစ် - ဒရုန်း (UAS) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တရားမဝင် မြန်မာစစ်အုပ်စုအား ဖိတ်ကြားရန် တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း၊ ယင်းအစီအစဉ်များကို သိရှိထားသည့် သတင်းရင်းမြစ်များအပေါ် အခြေခံ၍ Justice For Myanmar ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩစတြေးလျ၊ စင်ကာပူနှင့် အမေရိကန်ပြည်ထောင်စုတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး၊ ARF ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် ၂၀၂၆ သို့မဟုတ် ၂၀၂၇ ခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည်။

အမေရိကန်ပြည်ထောင်စုက အဆိုပြုထားသည့် ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒချမှတ်ရေးပိုင်းတွင် လက်တွေ့လုပ်ဆောင်နေသူများ၊ ဥပဒေစိုးမိုးရေး တာဝန်ရှိသူများ၊ အရပ်ဘက်လေကြောင်း အာဏာပိုင်များ၊ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များနှင့် နိုင်ငံတကာကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး၊ ဆွေးနွေးပွဲတွင် လူသုံးနှင့် စက်မှုလုပ်ငန်းသုံး ဒရုန်းများကို “အကြမ်းဖက်သမားများ” က ရရှိအသုံးပြုနေမှုများအကြောင်းကိုလည်းကောင်း၊ အလွယ်တကူရရှိနိုင်သည့် အဆိုပါ ဒရုန်းနည်းပညာများ အတားအဆီးမရှိ နယ်စပ်ဖြတ်ကျော် စီးဆင်းနေမှုများအား တားဆီးနိုင်မည့် နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာစစ်အုပ်စုသည် နိုင်ငံအတွင်း ဒီမိုကရေစီရေး ခုခံတော်လှန်မှုများကို ချေမှုန်းရန်နှင့် နိုင်ငံတွင်းနယ်မြေများကို ထိန်းချုပ်နိုင်ရန်တို့အတွက် သွေးရူးသွေးတမ်း ကြိုးပမ်းမှုအနေဖြင့် အရပ်သားပြည်သူများအပေါ်

မဆင်မခြင် လေကြောင်းတိုက်ခိုက်မှုများနှင့် ဒရုန်းအသုံးပြု စစ်ဆင်တိုက်ခိုက်မှုများကို ပိုမိုအရှိန်မြှင့်တင် လုပ်ဆောင်လာကြောင်း ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများက အသိပေးနေချိန်တွင် ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အခြားအစီရင်ခံစာတစ်စောင်အရ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများသည် ၂၀၂၅ ခုနှစ် အတွင်း အရပ်သားသေဆုံးမှုများ၏ အဓိကအကြောင်းရင်း ဖြစ်နေဆဲဖြစ်ပြီး၊ ထိုနှစ်အတွင်း လေကြောင်း တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၂၃၂ ဦး အပါအဝင် အနည်းဆုံး လူ ၉၈၂ ဦး သေဆုံးခဲ့သည်။ ယင်း သည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၂ ရာခိုင်နှုန်း တိုးမြင့်လာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဒရုန်းစစ်ဆင်ရေးနှင့်ပတ်သက်၍ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် စစ်အုပ်စု၏ ဒရုန်းတိုက်ခိုက်မှုပေါင်း ၅၇၀ ကျော် ရှိခဲ့ပြီး၊ ယင်းကြောင့် အနည်းဆုံး အရပ်သားပြည်သူ ၁၅၈ ဦး သေဆုံးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

စစ်အုပ်စုက ထိန်းချုပ်မောင်းနှင်သည့် ဒရုန်းများကို စာသင်ကျောင်းများနှင့် ဘာသာရေးဝတ်ပြုရာနေရာများ အပါအဝင် အရပ်ဘက်အခြေခံအဆောက်အအုံများကို သေစေနိုင်သည့် ပစ်မှတ်ထားတိုက်ခိုက်မှုများတွင် အသုံးပြုခဲ့ပြီး၊ ယင်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းလည်း ဖြစ်သည်။

ယခုလတ်တလော စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကရင်နီပြည်နယ်၊ ဒီးမောဆိုမြို့နယ်၌ စစ်ကောင်စီ၏ အသေခံဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ကိုးနှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ပြီး အခြားကလေး ငယ် သုံးဦး ဒဏ်ရာရရှိခဲ့ကာ ၎င်းတို့အနက် တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေတွင် ရှိ နေသည်။

မြန်မာစစ်အုပ်စုသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့တွင် လက်လုပ်ဓာတုလက်နက်များ သယ်ဆောင်ပစ် ချရန်အတွက်လည်း ဒရုန်းများကို အသုံးပြုခဲ့သည်။

စစ်အုပ်စုသည် ပြင်ဆင်မွမ်းမံထားသည့် စီးပွားဖြစ်ထုတ်ကုန် ဒရုန်းများအပြင် ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို အဓိကအသုံးပြု၍ ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲ တပ်ဆင်ထုတ်လုပ်ထားသည့် ဒရုန်းများကိုလည်း အသုံးပြုလျက်ရှိသည်။

ထို့ကြောင့် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ မောင်းသူမဲ့လေယာဉ်စနစ် - ဒရုန်း (UAS) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ စစ်အုပ်စုအား ဖိတ်ကြားခြင်းသည် မရည်ရွယ်သော်လည်း နည်းပညာဆိုင်ရာသိပညာနှင့် အတွေ့အကြုံများ စစ်အုပ်စုထံသို့ စီးဆင်းရောက်ရှိသွားနိုင်သည့် ကြိုတင်ခန့်မှန်းနိုင်သော အန္တရာယ်ကြီးတစ်ရပ်ကို ဖြစ်ပေါ်စေမည်လည်း ဖြစ်သည်။

အဆိုပြုထားသည့် အလုပ်ရုံဆွေးနွေးပွဲတွင် စစ်အုပ်စုကို ပါဝင်စေခြင်းသည် မြန်မာစစ်အုပ်စုအပေါ် ဆန့်ကျင်သည့် မူဝါဒရပ်တည်ချက်များကို ယခင်က လူသိရှင်ကြားချမှတ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့၏ ရပ်တည်ချက်များနှင့်လည်း ဆန့်ကျင်ကွဲလွဲစေမည် ဖြစ်သည်။

ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မြန်မာနှင့် ရုရှားစစ်တပ်များက ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများလုပ်ငန်းအဖွဲ့အစည်းအဝေး (ASEAN Defence Ministers' Meeting-Plus Experts' Working Group on Counter-Terrorism) အပါအဝင် စစ်အုပ်စုပါဝင်သည့် ကာကွယ်ရေးဆိုင်ရာ အစည်းအဝေးများနှင့် လှုပ်ရှားမှုများမှ နှုတ်ထွက်ခဲ့ကြသည်။

စင်ကာပူအပါအဝင် အလုပ်ရုံဆွေးနွေးပွဲ၏ ပူးတွဲစီစဉ်သူများသည် စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုများအပါအဝင် အရပ်သားများအပေါ် တိုက်ခိုက်မှုများကို လူသိရှင်ကြား ပြစ်တင်ရှုတ်ချထားပြီးဖြစ်သည်။

စင်ကာပူနိုင်ငံအနေဖြင့် အထူးအရေးကြီးသည့် တာဝန်တစ်ရပ်လည်း ရှိနေသည်။ အထူးသဖြင့် ASEAN အဖွဲ့ဝင်နိုင်ငံ၊ အာဆီယံဒေသဆိုင်ရာဖိုရမ်ဥက္ကဋ္ဌ၊ ထို့ပြင် ၂၀၂၇ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရမည့်နိုင်ငံဖြစ်သော စင်ကာပူအနေဖြင့် အာဆီယံ၏ အမျိုးမျိုးသော ပလက်ဖောင်းများမှတဆင့် စစ်အုပ်စုကို ပိုမိုအတင့်ရဲလာစေခြင်း မရှိစေရန် ၎င်း၏ အခန်းကဏ္ဍကို အသုံးပြုရမည် ဖြစ်သည်။

စစ်အုပ်စုသည် ၎င်း၏ အကြမ်းဖက်စစ်ဆင်ရေးကို "အကြမ်းဖက်မှုတိုက်ဖျက်ရေး" ဟု လိမ်လည်ပုံဖော်၍ ဒေသတွင်းထောက်ခံမှုရရှိရန် အာဆီယံ၏ ကာကွယ်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်များကို ယခင်ကတည်းက အသုံးချခဲ့ခြင်းလည်းဖြစ်သည်။

အာဆီယံဒေသဆိုင်ရာဖိုရမ်အနေဖြင့် မောင်းသူမဲ့လေယာဉ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပါအဝင် အစည်းအဝေးများနှင့် လှုပ်ရှားမှုအားလုံးတွင် မြန်မာစစ်အုပ်စုအားပိတ်ပင်ရန်၊ မြန်မာစစ်အုပ်စုထံ နည်းပညာသို့မဟုတ် လုံခြုံရေးဆိုင်ရာ အသိပညာ၊ အချက်အလက်များမျှဝေခြင်း မရှိစေရေး သေချာစွာလုပ်ဆောင်ရန် Justice For Myanmar က တောင်းဆိုသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "တရားမဝင် စစ်အုပ်စုက မြန်မာနိုင်ငံအတွင်း အရပ်သားများအပေါ် နိုင်ငံတကာရာဇဝတ်မှုတွေ ကျူးလွန်ဖို့အတွက် ဒရုန်းနည်းပညာကို အသုံးပြုနေချိန်မှာ သူတို့ကို ဒရုန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ပါဝင်တက်ရောက်စေတာကတော့ စက်ဆုပ်ဖွယ်ရာဖြစ်ပါတယ်။

အာဆီယံဒေသဆိုင်ရာဖိုရမ် အလုပ်ရုံဆွေးနွေးပွဲကို ပူးတွဲစီစဉ်သူတွေအနေနဲ့ စစ်အုပ်စုရဲ့ ပါဝင်မှုကို ပိတ်ပင်ရမှာဖြစ်ပြီး၊ ၎င်းတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးကိုသာ အထောက်အကူပြုစေမယ့် အသိပညာ၊ နည်းပညာနဲ့ နည်းဗျူဟာတွေကို စစ်အုပ်စု လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း မရှိစေရေး သေချာလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

မြန်မာစစ်အုပ်စုကို အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံအစည်းအဝေးတွေနဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ခွင့်ပေးတာက စစ်အုပ်စုကို မှားယွင်းတဲ့တရားဝင်မှု ပေးအပ်ရာရောက်ပြီး၊ မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်ရေး ပိုမိုအရှိန်မြှင့်ဖို့ အတင့်ရဲလာစေမှာဖြစ်ပါတယ်။ ဒါဟာ စစ်တပ်က ဖန်တီးခဲ့တဲ့ မြန်မာ့အကျပ်အတည်းကို ပိုမိုသက်ဆိုးရှည်စေမှာဖြစ်ပြီး၊ ပြည်သူအများအပြား ခံစားနေရတဲ့ ကြီးမားကျယ်ပြန့်လှတဲ့ ဒုက္ခဆင်းရဲတွေကို ပိုမိုဆိုးရွားလာစေမှာဖြစ်ပါတယ်။

လာမယ့်နှစ်မှာ အာဆီယံ ဥက္ကဋ္ဌနိုင်ငံလည်းဖြစ်၊ အာဆီယံဒေသဆိုင်ရာဖိုရမ်ဥက္ကဋ္ဌ နိုင်ငံလည်းဖြစ်တဲ့ စင်ကာပူအနေနဲ့ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ အာဆီယံရဲ့ ကြံရာပါပတ်သက်မှုကို အဆုံးသတ်ရေးအတွက် ပိုမိုကြီးမားတဲ့ တာဝန်ရှိနေပါတယ်။

အာဆီယံဒေသဆိုင်ရာဖိုရမ်အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မိမိတို့ရဲ့ နိုင်ငံတကာတာဝန်ဝတ္တရားတွေကို လိုက်နာရမှာဖြစ်ပြီး၊ စစ်အုပ်စုကို ဒရုန်းအလုပ်ရုံဆွေးနွေးပွဲကနေ ပိတ်ပင်ခြင်းအားဖြင့် မြန်မာပြည်သူတွေရဲ့ အသက်ကို ကယ်တင်ဖို့ ချက်ချင်း ရပ်တည်ဆောင်ရွက်ရပါမယ်။

အာဆီယံဒေသဆိုင်ရာဖိုရမ်အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စစ်အုပ်စုကို တရားဝင်မှု၊ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ ပစ္စည်းကိရိယာ၊ နည်းပညာနဲ့ လေယာဉ်ဆီတွေ လက်လှမ်းမီရရှိနေမှုတွေကို ဖြတ်တောက်ဖို့အတွက် ခိုင်မာအားကောင်းတဲ့ အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရေး ပူးပေါင်းညှိနှိုင်း ကြိုးပမ်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးကို အာဆီယံဒေသဆိုင်ရာဖိုရမ် ဒရုန်းအလုပ်ရုံဆွေးနွေးပွဲက အားပေးကူညီနိုင်သည့် အန္တရာယ်များအကြောင်း အစီရင်ခံစာကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**